## အရှေ့ အနောက် တင်းမာမှု ကြီးထွားလာခြင်း

ခရစ်ယာန် ပေါင်းစည်းမှုအတွင်း အက်ကွဲမှုများနှင့် ပတ်ကြားအက်များက ဂိုဏ်းကြီးများ ကွဲထွက်သွားခြင်းကို ဦးတည်ခဲ့ပေသည်။ အထောက်အထားများအရ အေဒီ (၄) ရာစုထက် နောက်မကျဘဲ ဂိုဏ်းကွဲများ ဖြစ်တည် ခဲ့ပေသည်။ အေဒီ ၁၀၅၄ ခုနှစ်တွင် ဂိုဏ်းကြီးများ စတင် ကွဲထွက်သည်ဟု သက္ကရာဇ်တပ်ထား သော်လည်း ဂိုဏ်းကွဲခြင်းများ ဖြစ်ပေါ်ခဲ့သော နေ့စွဲအား တိကျစွာ သတ်မှတ်ဖော်ပြထားခြင်း မရှိချေ။ အေဒီ ၁၂၀၄ ခုနှစ် စတုတ္ထ ကရူးဆိတ် (လေးကြိမ်မြောက် သာသနာပြုစစ်) တွင်း ကွန်စတန်တီနိုဘဲလ်၏ ထုတ်ပါယ်ခြင်းနှင့်အတူ မည်သူ၏ ဩဇာသည် အထွဋ်အထိပ်သို့ ရောက်ခဲ့သည် ဆိုသည့် အဖြစ်အပျက် ကွင်းဆက် ရှုပ်ထွေးမှုများနှင့် အမှန်တကယ် ဖြစ်ရပ်များမှာ ရောပြွန်းလျှက် ရှိပေသည်။

အယူအဆဆိုင်ရာ တစ်ခုတည်းသည် ဂိုဏ်းကွဲခြင်းကို ဦးဆောင်ခဲ့ခြင်း မဟုတ်သည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ ရိုးရာယဉ်ကျေးမှု၊ နိုင်ငံရေးပယောဂ၊ ဘာသာစကား ကွဲပြားခြားနားမှုများ သည်လည်း ဘာသာရေးဆိုင်ရာ အယူအဆ၌ ရောပြွန်းနေလေ့ ရှိပေသည်။ မည်သည့် ဂိုဏ်း၏ ပြန်ပြောင်းပြောဆိုမှု၌ မဆို အခြားသော ဂိုဏ်း၏ ယိုပေါက် စိမ့်ပေါက်များကို အသားပေး ပြောဆိုကြ၍ နောက်ပိုင်းတွင် အစိတ်အပိုင်း ဖြစ်လာခဲ့ပေသည်။ သို့သော် အေဒီ ၅ ရာစုတွင် အသင်းတော်မှ ပဲ့ထွက်လာသည့် အသင်းတော်၏ အရှေ့ဘက်ပိုင်းနှင့် အနောက် ဘက်ပိုင်းတို့ ဖြစ်သော ကော့ပ်စ် Copts သို့မဟုတ် အမီးနီးယန်း Armenians များသည်ကား ဤသို့ မဟုတ်ချေ၊ သူတို့သည် အသင်းတော်အား အယူသီလ ဘက်ယိမ်းမှု၊ ရှုမြင်သုံးသပ်မှုနှင့် အသင်းတော် ၇ ခု ကောင်စီတို့အား ဘုံအဖြစ်ပင် တည်ရှိနေခဲ့ပေသည်။ သူတို့သည် စီးလုံးညီညွတ်ကြပြီး သူတို့၏ ဘုံယုံကြည်ချက် ပေါ်၌ ဖြူစင်စွာ ကျင့်ဆောင်မှု၊ ရိုးရာဓလေ့များမှာ အသင်းတော် တစ်ခုတည်း အတွင်း၌ပင် ရှိပေသည်။

မည်သို့ပင် ဆိုစေ ရောမမြို့တော်အား ကွန်စတန်တိန်သို့ ပြောင်းရွှေ့လိုက်ခြင်းသည် အချင်းချင်း မယုံကြည်မှု၊ ပြိုင်ဘက်ဖြစ်မှုနှင့် နောက်ဆုံး စီရင်စု အကြည့်ဒေသ နှစ်ခု ဖြစ်သည့် ရောမနှင့် ကွန်စတန်တိန်၏ အကြား ဆက်ဆံရေးတွင် မနာလိုဖြစ်မှုများ မဖိတ်ခေါ်ဘဲ ရောက်ရှိလာခဲ့ပေသည်။ ၎င်း၏ နိုင်ငံရေး ဩဇာတက္ကိမ ယုတ် လျော့လေတိုင်း ရောမအနေဖြင့် ကွန်စတန်တိန်အား လွယ်ကူစွာပင် မနာလို ဝန်တိုစိတ် ဖြစ်ခဲ့ပေသည်။ ကွန်စ တန်တီနိုဘဲလ်အား သာသနာ့ကောင်စီ၏ ဒုတိယ အမြင့်ဆုံးနေရာအား တရားဝင် ပေးအပ်ခြင်းကို ရောမမှ ငြင်းဆန်ခဲ့မှုသည်လည်း အချက်တစ်ချက်ပင် ဖြစ်ပေသည်။ သို့သော် ခပ်တန်းတန်း ဖြစ်သွားခြင်းကို အချင်း ချင်းကြား ဆက်သွယ်ရေး အားနေစေခဲ့သည့် အနောက်ဘက်မှ ဂျာမန်တို့၏ ကျူးကျော်မှုကလည်း အထောက် အပံ့ ဖြစ်စေခဲ့ပေသည်။ အစ္စလာမ် ထွန်းတောက်လာခြင်းနှင့် ၎င်း၏ မြေထဲပင်လယ် ကမ်းရိုးတန်း၏ အများစု၌ အောင်နိုင်လွှမ်းမိုးလာခြင်း (တချိန်တည်းတွင် ဘော်ကန်ဒေသမှ ရှေးဆာ့ဗ်လူမျိုးထံသို့ ရောက်လာခြင်းကို ရည်ညွှန်းမှုမပြု) သည်လည်း ခရစ်ယာန်တို့၏ ကွဲပြားမှုကို ပိုမိုခိုင်မာလာစေပြီး လောကနှစ်ခု (ရောမနှင့် ကွန်စတန်တီနိုဘဲလ်) အကြား ရုပ်ပိုင်းဆိုင်ရာအား စို့ဖြင့် ခွဲရန် မောင်းနှင်ခဲ့ပေသည်။ ယခင်က ညီညွတ်စွာ ဟန်ချက်ညီခဲ့သော မြေထဲပင်လယ် ရပ်ဝန်းသည် လျှင်မြန်စွာ မေးမှိန်ဆုတ်ယုတ် လာခဲ့ပေသည်။ အရှေ့ဘက် ဂရိနှင့် အနောက်ဘက် လက်တင်တို့၏ ဆက်သွယ် ကူးလူးမှုသည်လည်း အေဒီ ၆၀၀ ခုနှစ်တွင် အန္တရာယ် ဖြစ်လာ၍ လက်တွေ့ဆက်ဆံမှုများ ရပ်တန့်သွားခဲ့ပေသည်။

အခြေခံ ပြဿနာ နှစ်ခု ဖြစ်သည့် ရောမမှ ဘဲ့စ်ရှော့ပ်၏ အထွဋ်အထိပ် ဖြစ်ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ကိန်းဝပ်မှု သဘောထားများသည် အပါအဝင် ဖြစ်ပေသည်။ ဤ ဩဝါဒဆိုင်ရာ သစ်လွင်ခြင်းများအား ဖိုးတီးယာ့စ် သင်းအုပ်ဆရာများ Photius's patriarchate အကြား ပွင့်လင်းစွာ ဆွေးနွေးလာခဲ့ပေသည်။

အေဒီ ၅ ရာစုတွင် ခရစ်ယာန် လောကတွင် ရောမအား အထွဋ်အထိပ်ထားလျှက် စီရင်စု ငါးခု ခွဲခြားခဲ့ပေသည်။ ၎င်းအား ကျမ်းစာအရ ဆုံးဖြတ်ချက်ဟု သတ်မှတ်ခဲ့ပြီး ဒေသဆိုင်ရာ အသင်းတော် သို့မဟုတ် သင်းအုပ်ဆရာ ပိုင် ဒေသ တစ်ခုအား အခြားတစ်ခုက အုပ်ချုပ်မှု အာဏာ မသက်ရောက်စေရန် ဖြစ်ပေသည်။ သို့သော်လည်း ရောမသည် ဘုရားသခင်က ၎င်းအား အသင်းတော်အတွင်း ဆုံးဖြတ်ချက်များကို ချမှတ်ရန် အခွင့်အရေးပေး ထားသကဲ့သို့ သူ၏ အထွဋ်အထိပ်ဖြစ်မှုကို

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အချုပ်အခြာအာဏာ အဖြစ် ၎င်းကိုယ် ၎င်းဖွင့်ဆို ခဲ့ပေသည်။ အသင်းတော်၏ လက်အောက်ခံများနှင့် ဖြန့်ဖြေသူများက အသင်းတော် တစ်ခုလုံးအပေါ်၌ ပုပ်ရဟန်းမင်း၏ အချုပ်အခြာ အာဏာ လွှမ်းမိုးမှုအား အားပေးမှုကို တဖြေးဖြေးနှင့် စွန့်ခွာလာခဲ့ပေသည်။ ဤ အယူအဆအား နောက်ဆုံးတွင် အနောက်တိုင်း၌ အေဒီ ၁၁ ရာစုအတွင်းမှ ဂရီဂိုရီယန် ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုအား စနစ်တကျ ဖေါ်ပြရန် ပေးအပ်ခဲ့ပေသည်။ အရှေ့တိုင်း အသင်းတော်များကမူ အသင်းတော်ဆိုင်ရာ အာဏာ၏ သဘော သဘာဝအား ရောမ၏ နားလည်မှုသည် အသင်းတော်၏ မရှိမဖြစ် လိုအပ်သော ဖြန့်ဖြေသူများကိုယ် ထည်ကို  တိုက်ရိုက် ဆန့်ကျင်သည်ဟု ရှုမြင်ခဲ့၍၊ အသင်းတော်နှစ်ခု၏ ဝိရောဓိမှာ ရင့်ကျက်လာခဲ့ကြောင်း တွေ့ရပေသည်။

သင်းအုပ်ဆရာများ၏ (အသင်းတော်များ၏) အခြေခံကွဲလွဲချက်များသည် ဂိုဏ်းကွဲများအကြား ကုထုံးများနှင့် ကွဲပြားမှုအကြားပေါင်းကူးတံတားများကို ကျဆုံးစေခဲ့ပေသည်။ ထူးထူးခြားခြားပင် ရောမသည် သူ၏ သက်ဦး ဆံပိုင် စနစ်၌ အခြေခံလျှက် "သင့်မြတ်လျော်ကန်သော တရားစီရင်ခွင့်" ဟု ရှင်ပေတရုပေါ်၌ ခိုင်ခိုင်မာမာ ဆိုခဲ့ပေသည်၊ (အေဒီ ၁၈၇၀ ဘာတီကန် သံဃာယနာ)။ ဤ ရောမ၏ ရှင်မဿဲ ၁၆း ၁၈ ၏ အဖွင့် ဋီကာအား အရှေ့ပိုင်း အောသိုဒေါ့ လူရှိသေရှင်ရှိသေ ပုဂ္ဂိုလ်များကြား၌ အသိအမှတ်မပြုခဲ့ချေ။ ရှင်ပေတရု၏ အထွဋ်အထိပ် ဖြစ်မှုကို မည်သည့် ဘုံ့စ်ရော့ပ်ပေါ်၌မဆို ဗဟိုအချုပ်အခြာအာဏာပိုင်ဖြစ်သည်ဟု သူတို့ အနေဖြင့် မည်သည့် အခါကမှ ထင်ရှားစွာ အသိအမှတ်ပြုခြင်း မရှိခဲ့ပေ။  ဘုံ့စ်ရော့ပ်များအားလုံးသည် ရှင်ပေတရုကဲ့သို့ ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း သက်သေပြုဝန်ခံလျှင် ရှင်ပေတရု၏ အရိုက်အရာအားဆက်ခံသူများဖြစ်၏၊ အရှေ့ပိုင်း အသင်းတော်သည် ရောမအား ကြည့်ရှုခွင့် (စီရင်စု) အခွင့်အာဏာကို ပေးခဲ့သော်လည်း ဗဟိုအချုပ်အခြာ အဖြစ် အာဏာကုန်မပေးခဲ့ပေ။ ပုပ်ရဟန်းမင်းအား ဆုံးဖြတ်ပိုင်ခွင့်အား အာဏာထက်ဝက် (အခြားသူများ အားလုံးက တစ်ဝက်) ပေးထားသော်လည်း အမှားမပါနိုင်သူ သို့မဟုတ် အပြီးသတ်အာဏာပိုင် အဖြစ် မသတ်မှတ် ပေ။

အရှေ့ပိုင်း အောသိုဒေါ့များအတွက် အခြားသော အဓိက ကသိကအောက် ဖြစ်စရာမှာ သန့်ရှင်းသော ဝိညာဉ်  တော်နှင့်စပ်လျှဉ်း၍ အနောက်တိုင်းက ဘာသာပြန်ခြင်းပင် ဖြစ်၏။ ဖြေးဖြေးမှန်မှန်ဖြင့် လွန်စွာ သိဒ္ဓိတင်လာ၍ အနောက်တိုင်းအယူဝါဒများအတွင်း ထည့်သွင်း ဖွင့်ဆိုလာသော သန့်ရှင်းသော (ဝိညာဉ်တော်၏) အထွဋ် အထိပ် ဖြစ်ခြင်းမျိုးကို (အရှေ့တိုင်းမှ) သတိပင် မထားမိလိုက်ချေ။ ဤအယူအဆထိုင်ရာ အရှုပ်အထွေးများမှာ အနောက်တိုင်းမှ လက်တင် ဖရေ့စ်ဖီလီးယို့က် Latin phrase filioque (နှင့်၊ သားတော်မှ) တည်းဖြတ် စီရင်မှု ထဲတွင် အယူသီလ အဖြစ် ထည့်သွင်းဖေါ်ပြခဲ့ပေသည်။ ထိုအကြောင်းအရာများ မပါဝင်သော၊ သံဃာယနာများမှ ပိတ်ပင် ဆန့်ကျင်ခဲ့သည့် မူရင်း အယူအဆသြဝါဒကျမ်းစာအား အော်သိုဒေါ့ အသင်းတော် က ယနေ့ထိ လက်ကိုင်ထားလျှက်ပင် ရှိပေသည်။ ဤကျမ်းတော်တွင် ရိုးရှင်းစွာပင် "သန့်ရှင်းသော ဝိညာဉ်  တော်၊ အရှင်ဘုရား (ထာဝရဘုရား)၊ ဖခမည်းတော်ထံမှ ဆက်စပ်၍ အသက်ပေးသူ (သက်ရှိများကိုဖြစ်စေ သူ)" အဖြစ် တင်ပြထားပေသည်။ ဝိညာဉ်တော်အား ခမည်းတော် တစ်ပါးတည်း ပိုင်းဆိုင်သည် ဆိုခြင်းထက် ဝိညာဉ်တော်သည် မူလရင်းမြစ်နှစ်ခုဖြစ်၍ ခမည်းတော်ရော သားတော်ပါ ပိုင်ဆိုင်ဟူသည့်  ၎င်း၏ ဋီကာချဲ့ပြီး ကတည်းက လက်တင် ထင်ယောင်ထင်မှား ဘာသာရေး အယူအဆများကို အရှေ့တိုင်း အော်သိုဒေါ့များက လက်မခံချေ။ အကျဉ်းအားဖြင့်၊ တြိကာယ (သုံးပါးတစ်ဆူ) အကြား ချိန်ခွင်မှာ ပြောင်းလဲခံရ၍၊ ဘုရားသခင်နှင့် သုံးပါးတစ်ဆူအား နားလည်မှု ရှုပ်ထွေးစေပေသည်။ အော်သိုဒေါ့ အသင်းတော်၏ ယုံကြည်ချက် အကျိုးဆက်အား ယခုနောက် နောက်တွင်ပါ ခုခံကာကွယ်နိုင်သော ဘာသာရေး သီအိုရီ မရှိခဲ့ချေ။ သို့သော် ဖီးလီးယို့က်က တယူသန် အကြောင်းအရာ တစ်ရပ် ထပ်ပေါင်းဖန်တီးခဲ့သည်မှာ ဘိုင်ဇန်တိုင်များက အဆိုပါ (ဆိုလိုချက်) အပိုဒ်သည် စာပေ အထောက်အထားမဲ့စွာ ထပ်ပေါင်းထည့်ခဲ့သည်ဖြစ်၍ တရားမဝင်ပေ ဖြစ်သည် ဟု အရှေ့ တိုင်းမှ ဆွေးနွေးနှီးနှောခြင်း မရှိခဲ့ချေဟု ဖြစ်၏။ နောက်ဆုံး စီစစ်လေ့လာမှုများအရ ဤသို့သော ပြောင်းလဲ ခြင်းတစ်ခုအား အခြားသော အသင်းတော်များဆိုင်ရာ သံဃာယနာ တစ်ခုတည်းကသာလျှင် မိတ်ဆက်ပေးခဲ့ သည်ဟု ဖြစ်၏။ အမှန်မှာ မူရင်း အယူဝါဒအား စွဲယူသော သံဃာယနာများက ကျမ်းတော်တွင်းသို့ မည်သည့် အတွန့်တက်ခြင်း သို့မဟုတ် ထပ်ပေါင်းဖြည့်စွက်များကို မဆို ပိတ်ပင်တားမြစ်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com